


## ၁) ရွှေမိုး၊ ငွေမိုး အထူးအစီအစဉ်ဆိုတာ ဘာလဲ?

ဟေမာန်၏ သက်တမ်း ၈ နှစ်တာ ကာလပတ်လုံးတွင် လက်တွဲခဲ့ကြသည့် အသင်းသားများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် Fixed-Term Saving Deposit အကောင့်တွင် စုငွေထည့်ဝင်မည့် အသင်းသားများအား ရွှေဆု၊ ငွေဆုများ ကံစမ်းမဲဖောက်ပေးမည့် အထူးအစီအစဉ် တစ်ခု ဖြစ်ပါသည်။

## ၂) ကံစမ်းမဲမှာ ဘယ်လို ဆု အမျိုးအစားတွေ ပါဝင်မှာလဲ?

| # | ဆု အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | ရွှေ တစ် ကျပ်သား | ၁ ဆု |
| ၂။ | ရွှေ ငါး မူးသား | ၃ ဆု |
| ၃။ | ရွှေ ၁ မတ်သား | ၅ ဆု |
| ၄။ | LG တံဆိပ် ၄၃ လက်မ SMART LED TV | ၁ ဆု |
| ၅။ | Hisense တံဆိပ် တံခါးနှစ်ပေါက်ပါ ရေခဲသေတ္တာ | ၃ ဆု |
| ၆။ | Konfulon တံဆိပ် Power Bank (60,000 mAh) | ၅ ဆု |
| ၇။ | အတိုးပမာဏ ၃ဆ တိုးပွားစေမည့် ကူပွန် | ၅ ဆု |
| ၈။ | အတိုးပမာဏ ၂ဆ တိုးပွားစေမည့် ကူပွန် | ၅ ဆု |

## ၃) ကံစမ်းမဲ အစီအစဉ်ထဲပါဝင်ဖို့ ဘာတွေ လုပ်ဖို့လိုလဲ?

ကံစမ်းမဲ အစီအစဉ်ထဲ ပါဝင်ရန် ဦးစွာ ဟေမာန်၏ အသင်းသား ဖြစ်ရန် ဆောင်ရွက်ရပါမည်။ အသင်းသား ဖြစ်ပြီးပါက အနည်းဆုံး စာရင်းသေ အပ်ငွေပမာဏ သုံးသိန်းကျပ် ဖြင့် Fixed-Term စာရင်းသေအကောင့် ဖွင့်၍ ဤ ကံစမ်းမဲကို ပါဝင် ကံစမ်းနိုင်ပါသည်။

## ၄) ဤ ကံစမ်းမဲ အစီအစဉ်အတွက် ၃၀၀,၀၀၀ သိန်း ကျပ် နှင့် အထက် ငွေစုမယ်ဆိုလျှင် ရနိုင်ပါသလား ?

ဟေမာန်တွင် စုငွေများများ ထည့်လျှင် ကံစမ်းမဲပေါက်၍ (ဆု) ရရှိရန် အခွင့်အရေးပိုများလေဖြစ်ပြီး၊ သင့်အနေဖြင့် ၃၀၀,၀၀၀ သိန်းကျပ် တစ်ခါ ငွေစုလျှင် ဟေမာန်မှ ကံစမ်းမဲဖောက်ရာတွင်အသုံးပြုမည့် ကံစမ်းမဲငွေစုလက်မှတ် (၁) စောင်ပေးအပ်သွားမည် ဖြစ်ပါသည်။ အကယ်၍ သင်၏ စုငွေ ၆၀၀,၀၀၀ သိန်းကျပ် စုဖြစ်ပါက စုစုပေါင်း လက်မှတ် (၂) စောင် ရရှိမည် ဖြစ်ပြီး ကံစမ်းမဲပေါက်ရန် အခွင့်အရေး ပိုရရှိမှာဖြစ်ပါသည်။ ထို့နောက် စုငွေ ၉၀၀,၀၀၀ ကျပ် စုဆောင်းမည် ဆိုလျှင်လည်း အလားတူစွာ လက်မှတ် (၃) စောင် ရရှိမည် ဖြစ်ပါသည်။

## ၅) ကျွန်တော် က ဟေမာန် မှာ စုငွေ အပ်နှံထားပြီးသားသူ တစ်ယောက်ပါ။ ဒါပေမယ့် အဲ့ဒီ စုငွေတွေကို စိတ်ကြိုက်စုငွေ နဲ့ မဖြစ်မနေစုငွေအကောင့် မှာ အပ်နှံထားပါတယ်... အဲ့ဒီတော့ အခု ကံစမ်းမဲအစီအစဉ်မှာ ပါဝင်ဖို့ ဘာများ ဆက်လုပ်ဆောင်ရွက်ရန် လိုအပ်ပါသလဲ?

ဟေမာန်၏ ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ရန်အတွက် ပုံသေစုဆောင်းငွေ ၃လ ၊ ၆လ၊ ၁၂လ ကာလ တစ်ခုခုဖြင့် စုငွေထားရှိရမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် လက်ရှိ စိတ်ကြိုက်စုငွေ အကောင့်ထဲမှာ သုံးသိန်းကျပ် အနည်းဆုံးရှိရုံနဲ့ အဲ့ဒီ ငွေတွေကို Fixed-Deposit အကောင့်ထဲကို ပြောင်းလဲ စုဆောင်းလိုက်ရုံနဲ့ အခု ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်လို့ရမှာပါ။ စိတ်ကြိုက်စုငွေ နှင့် မဖြစ်မနေစုငွေအကောင့်များအနေဖြင့် ယခု ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်နိုင်မည် မဟုတ်ပါ။

## ၆) ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ဖို့ ၃၀၀,၀၀၀ သိန်းကျပ် တစ်ခါတည်း မသွင်းနိုင်လို့ပါ ဒါပေမယ့် စုငွေ ၁၀၀,၀၀၀ သိန်းကျပ်စီကို (၁လ) တစ်ခါအနေနဲ့

## (၃လ) ဆက်တိုက်ပေးသွင်းပြီး ငွေစုမယ်ဆိုလျှင် ဤအစီအစဉ်မှာ ပါဝင်လို့ ရနိုင်ပါသေးလား ?

ဟေမာန်၏ စိတ်ကြိုက်စုငွေအကောင့်တွင် သင်၏ စုငွေကို ၃၀၀,၀၀၀ သိန်းကျပ်အထိ ပြည့်အောင် စုဆောင်းထားပြီး သင့်တွင် ၃၀၀,၀၀၀ သိန်းကျပ်ပြည့်မြောက်ပါက စိတ်ကြိုက်စုငွေ အကောင့်ထဲမှ ပုံသေစုငွေအကောင့်ထဲသို့ ပြောင်းရွှေ့ပြီး ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်ပါသည်။

## ၇) ဟေမာန်မှာ စာရင်းသေအပ်ငွေ အကောင့်ဖွင့်ဖို့ ချေးငွေမဖြစ်မနေရယူရန် လိုအပ်ပါသလား?

လိုအပ်ပါသည်။

## ၈) ဟေမာန် တွင် စာရင်းသေ အပ်ငွေ အကောင့်ဖွင့်ရန် မည်သည့် စာရွက်စာတမ်းများ လိုအပ်ပါသလဲ ?

ပုံသေစုငွေ အကောင့်ဖွင့်ရန် သင်၏ မူရင်း မှတ်ပုံတင်ကဒ်ကို ယူဆောင်လာရန် လိုအပ်ပါသည်။ ထို့နောက် လိုအပ်တဲ့ အချက်အလက်များကို သတ်မှတ် Application Form မှာ ဖြည့်သွင်းပြီး ငွေစုဆောင်းမှု ကိစ္စပြီးပါက ရုံးခွဲတာဝန်ခံ ဝန်ထမ်းမှ ငွေစုလက်မှတ်ကို ထုတ်ပေးပါမည်။

## ၉) ကံစမ်းမဲပေါက်ခဲ့လျှင် ဆုလက်ဆောင် ထုတ်ယူရန်အတွက် မည်သည့် စာရွက်စာတမ်းများ လိုအပ်ပါသလဲ?

ကံစမ်းမဲပေါက်တဲ့ ကံစမ်းမဲဆုရှင်အနေနဲ့ ဟေမာန်ရုံးခွဲသို့ လာရောက်ပေးရပါမည်။ ယူဆောင်လာရမည့် အချက်များကတော့ - (၁) ပုံသေငွေစုသည့်လက်မှတ် နှင့် (၂) မူရင်း မှတ်ပုံတင်ကဒ်ကို ရုံးခွဲသို့ ယူဆောင်လာရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် အကြောင်း တစ်စုံတစ်ရာကြောင့် ကံစမ်းမဲပေါက်သည့် (ဆု) အား ကိုယ်တိုင်လာရောက်ထုတ်ယူရန် မအားပါက သင့်မိသားစုဝင်တစ်ဦးဦးမှ သင့်ကိုယ်စား လာရောက်၍ ထုတ်ယူနိုင်ပြီး (ဆု) လာထုတ်ယူသူသည် (၁) ပုံသေငွေစုသည့်လက်မှတ်မူရင်း ၊ (၂) ဆုငွေ ထုတ်ယူသူ၏ မှတ်ပုံတင် မူရင်း၊ (၃) မူရင်း အိမ်ထောင်စုစာရင်း (မိသားစုဝင်ဖြစ်ကြောင်း အထောက်အထား) (၄) ကိုယ်စားလှယ်လွှဲစာ တို့အား ယူဆောင်လာရန် လိုအပ်ပါသည် ။

## ၁၀) အကယ်၍ စုငွေ ၃၀၀,၀၀၀ သိန်းကျပ်အား ပုံသေစုငွေအကောင့်ဖြင့် (၃လ) စုပြီးသွားပါက နောက်ထပ် အလိုအလျောက် သက်တမ်း တိုးသွားမည့် စုငွေကာလအတွက် ကံစမ်းမဲလက်မှတ် (၁)စောင် ထပ်မံ၍ ရရှိနိုင်ပါသလား?

သင်၏ စာရင်းသေအပ်ငွေ အကောင့်သည် အလိုလျောက် သက်တမ်းတိုးသွားသည့်အခါ သင့်အနေဖြင့် လက်ဝယ်ရရှိထားသည့် Certificate ကို ဆက်လက် သိမ်းဆည်းထားနိုင်ပြီး ၎င်း Certificate နံပါတ်ဖြင့် ကံစမ်းမဲ အစီအစဉ်တွင် ဆက်လက်ပါဝင်နိုင်ပါသည်။ သို့သော် သင်သည် ကံစမ်းမဲကာလအတွင်း သင်၏ စုငွေများအား ပြန်လည် ထုတ်ယူသွားပါက သင့်လက်ထဲတွင် Active ဖြစ်နေသော Fixed-Term Deposit Certificate မရှိတော့ပြီ ဖြစ်သည့်အတွက် ဤ ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်ခွင့်မရှိတော့ပါ။ ကံစမ်းမဲ လက်မှတ် ၁ စောင်ထက် ပို၍ ရရှိမည့် အခြေအနေသည် သင့်တွင် FTD စုငွေ အနည်းဆုံး ၃ သိန်းဖြင့် အကောင့် နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုမို၍ ဖွင့်ထားပြီး ၎င်းအကောင့်အကုန်လုံးသည် ကံစမ်းမဲဖောက်မည့် ကာလအတွင်း Active ဖြစ်နေမှသာ ကံစမ်းမဲလက်မှတ် ၁ စောင်ထက်ပိုမို၍ ရရှိနိုင်မည် ဖြစ်ပါသည်။

## ၁၁) မိမိ၏ ငွေစုလက်မှတ် ပျောက်ဆုံးသွားပါက (သို့မဟုတ်) လက်မှတ်ပျက်စီးသွားလျှင် စုထားသည့်ငွေကို ပြန်ထုတ်ယူလို့ ရပါသလား?

သင့်တွင် မူရင်း မှတ်ပုံတင်ကဒ် ရှိပြီး ဟေမာန်၏ အတည်ပြုခြင်းလုပ်ငန်းစဉ်အားလုံးပြီးမြောက်ပါက သင်၏ ငွေစုအကောင့်မှ သင်၏စုငွေ အားလုံးကို ထုတ်ယူနိုင်ပါသည်။ သို့သော် သင်သည် ကံစမ်းမဲဆုပေါက်သူဖြစ်ခဲ့လျှင် လက်မှတ်ဆုံးရှုံးသွားပါက ၊ သင်၏ဆုအား ထုတ်ယူ နိုင်ခွင့်ရှိတော့မည် မဟုတ်ပါ။ ထို့ကြောင့် ကံစမ်းမဲကာလအတွင်း သင်၏ ငွေစုလက်မှတ်အား မပျောက်မပျက် ၊ မဆုံးရှုံးစေရန် သေချာ သိမ်းဆည်းထားဖို့ အကြံပြုတိုက်တွန်း အပ်ပါသည်။

## ၁၂) ကံစမ်းမဲ အစီအစဉ်မှာ သတ်မှတ်ထားတဲ့ Terms and Conditions စည်းကမ်းချက်တွေဆိုတာ ဘာလဲ?

ကံစမ်းမဲဖွင့်လှစ်မည့်အချိန်တွင် သင့်ထံ၌ သက်တမ်းကျန်ရှိနေသော Fixed-Term Saving Deposit Certificate လက်ဝယ်ရှိနေမှသာလျှင် ဤ အစီအစဉ်ကို ပါဝင်ခွင့်ရှိပါမည်။

စုငွေအပ်နှံခြင်း၊ စုငွေထုတ်ယူခြင်း၊ ဆုလက်ဆောင်ထုတ်ယူခြင်း အစရှိသည့် ကိစ္စရပ်များအားလုံးအတွက် အသင်းသား ကိုယ်တိုင်ရုံးခွဲသို့ လိုအပ်သည့် စာရွက်စာတမ်းများနှင့် တကွ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းကြောင့်

နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် ပြဿနာများအား ကုမ္ပဏီမှ ဖြေရှင်းတာဝန်ယူရန် ခက်ခဲမည်ဖြစ်ကြောင်း ကြိုတင် အသိပေးပါသည်။

ဟေမာန်တွင် လက်ရှိ အလုပ်လုပ်နေသည့် ဝန်ထမ်းများ၊ ၎င်း၏ ဆွေမျိုးမိသားစုဝင်များသည် ယခု ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။

ဤ အစီအစဉ်နှင့် ပတ်သတ်ပြီး အငြင်းပွားဖွယ် တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက ဟေမာန်၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ စစ်ဆေးပြီး ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကိုသာ အတည်ပြုမည် ဖြစ်ပါသည်။